# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် ( UNEP ) တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် “ Establishing and Strengthening National Designated Authority (NDA) and Developing Strategic Framework for Engagement with the GCF in Myanmar ” စီမံကိန်းအတွက် Junior National Consultant (၁) ဦး ခေါ်ယူခန့်ထားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ စီမံကိန်းသည် ( ၃၀.၉.၂၀၂၁ ) ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စီမံကိန်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီပြီး ပူးတွဲပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်သူများသည် Curriculum Vitae (CV) (အင်္ဂလိပ် / မြန်မာ) ၊ ဓါတ်ပုံ ( ၃ ) ပုံ ၊ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာနှင့်အတူ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ Email – planningstatsgisecd @gmail.com သို့ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၉ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည် –

(က) သတ်မှတ်အရည်အချင်း

(၁) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘာသာရပ်များ၊ Development Studies သို့မဟုတ် Planning and Management ဘာသာရပ် တစ်ခုခုတွင် ဘွဲ့လွန် ရရှိထားသူ ဖြစ်ရမည်။

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆန့်ကျင် တိုက်ဖျက်ရေး နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိသူ ဖြစ်ရမည်။

(၃) အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အတွေ့အကြုံ၊ Green Climate Fund (GCF) ၊ Asian Development Bank (ADB) ၊ United Nations (UN) စသည့် အဖွဲ့အစည်းများ နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ နှင့် စီမံကိန်း အဆိုပြုလွှာများ ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၄) ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ နှင့် စာရင်းအင်း နယ်ပယ်တွင် အတွေ့အကြုံရှိ သူဖြစ်ရမည်။

(၅) အင်္ဂလိပ်နှင့် မြန်မာ ဘာသာရပ်နှစ်ခုလုံးကို ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင် သူဖြစ်ရမည်။

(၆) ကွန်ပျူတာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည် ဖြစ်ပြီး Microsoft Word ၊ Microsoft Excel ၊ Power Point များကို ကျွမ်းကျင်ရမည်။

(၇) ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး အကျိုးဆက်စပ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရမည်။

(၈) ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စီမံကိန်း အမျိုးသားအဆင့် အကြံပေး၊ UNEP မှ သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ နှင့်ချိတ်ဆက်၍ ပံ့ပိုးလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိသူ ဖြစ်ရမည်။

(၉) အစိုးရဝန်ကြီးဌာနများ၊ NGO အဖွဲ့အစည်းများ စသည့်အကျိုးဆက်စပ်ပတ်သက်သူ တို့နှင့် ပေါင်းစပ်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၁၀) အစိုးရဝန်ထမ်း မဟုတ်သူ ဖြစ်ရမည်။

(၁၁) ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။

(၁၂) မြန်မာနိုင်ငံတွင်း မည်သည့်နေရာဒေသမဆို ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

(ခ) တာဝန်ထမ်းဆောင်ရမည့်နေရာ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၃) ၊နေပြည်တော်

(ဂ) တာဝန်ထမ်းဆောင်ရမည့်ကာလ - (၁) နှစ် ( လုပ်ငန်းလိုအပ်ချက်အရ စာချုပ်သက်တမ်းတိုး ချုပ်ဆိုသွားမည်)

(ဃ) လစာ - ညှိနှိုင်းသွားမည်။

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

**ဆက်သွယ်ရန်လိပ်စာ** - စီမံကိန်း၊စာရင်းအင်းနှင့်ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက် ဌာနစိတ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်
ဖုန်း- ၀၆၇- ၄၃၁၃၂၄
E-mail- planningstatsgisecd@gmail.com